Radio Veritas Asia မြန်မာဘာသာအစီစဉ်ကို နားဆင်နေကြသူသောတအရှင်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ယခုလ အောက်တိုဘာလမှာ စိတ်ပုတီးမယ်တော်သခင်မကို အထူးသဒ္ဓါကြည်ညိုကိုးစားနေကြတာမို့ ဒီတစ်ပတ်ရဲ့ဘဝအတွက်အလင်းရောင်ခြည်ကဏ္ဍလေးမှာ ပုပ်ရဟန်းမင်းကြီးဖရန့်စစ် အရှင်သူမြတ် ထောက်ရှုဝေမျှသွား ခဲ့တဲ့ စိပ်ပုတီးနဲ့ ပတ်သက်ပြီး မယ်တော်သခင်မ အကြောင်းလေးကို တင်ဆက်ပေးချင်ပါတယ်ရှင် . . .။ ယခုတင်ဆက်ပေး သွားမယ့် ဆောင်းပါးလေးကို ဆလေးရှင်းအသင်းဂိုဏ်းမှ ကိုရင် ပါစကားသီကိုရှင်းကနေ ရေးသားပေးပို့ခဲ့တာပဲ ဖြစ်ပါ တယ်ရှင်။

တစ်နှစ်ပတ်လုံး တောက်လျှောက် ကျင်းပနေတဲ့ သနားကြင်နာခြင်း ဂျူဘီလီနှစ် မကုန်ဆုံးခင်ပိုင်းလေးမှာ စိတ်ပုတီးမယ်တော်ပွဲကို ပုပ်ဖရန့်စစ်အရှင်သူမြတ်က စိန့်ပီတာရင်ပြင်မှာ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ် သွားခဲ့ပါတယ်။ အသင်းတော်ရဲ့အစောပိုင်းရာစုနှစ်တွေမှာကတည်းက အမိမယ်တော်ကို သနားကြင်နာခြင်းရဲ့မိခင်ဆိုပြီး သဒ္ဓါကြည်ညိုခဲ့ကြတယ်။ ဘုရားရှင်ဟာ လူကို အစဦးပိုင်းမှာ သေချာကျန လှပစွာ စီမံဖန်ဆင်းခဲ့ပေမဲ့လည်း အပြစ်ဆိုတဲ့ လက်နက်တစ်ခုကြောင့် လှပနေတဲ့စီမံကိန်းဟာ လူ့သမိုင်းမှာ ပျက်စီးခဲ့ရတယ်။ ဒါပေမဲ့ ဘုရာရှင်ဟာ သနားကြင်နာတတ် သူပီပီ သူ့ရဲ့ ကယ်တင်ခြင်းစီမံကိန်းကို အသစ်ပြန်ဆွဲကာ ကတိတွေအထပ်ထပ်ပေးပြီး ဖြည့်စွက်ခဲ့ပြန်တယ်။ အဲ့ဒီ ဘုရားရဲ့ ကတိတော်ဟာ ယေရှုဘုရားရှင်မှာ လုံးဝဥသုံ ပြည့်စုံသွားခဲ့တာမှန်ပေမဲ့ ယနေ့ထက်ထိ လူတွေအတွက် ထားရှိတဲ့ မေတ္တာကတိတော်တွေကို ဖြည့်ဆည်းပေးနေဆဲပါပဲ။ ဒီတော့လူ့ကယ်တင်ခြင်းသမိုင်းမှာ ဘုရားရှင်ရဲ့ သနားကြင်နာခြင်း ဆိုတာဟာ အဓိကကျတဲ့နေရာမှာ ပါဝင်လို့နေပါတယ်။ ဘုရားမြတ်ရှင် ပေးသနားတော်မူခဲ့တဲ့ ကရုဏာသနားခြင်း တွေ အတွက် ပြန်လည် ကျေးဇူးသိတတ်ဖို့လိုပါတယ်။ ကျေးဇူးသိတတ်တဲ့နေရာမှာ အမိမယ်တော်ရဲ့ နှလုံးသားကို စံနမူနာ ထားပြီး နူးညံ့သိမ်မွေ့စွာနဲ့ ကျေးဇူးတော်တွေ လက်ခံစီးဆင်းနိုင်ဖို့ ကျမတို့တွေ ဆုတောင်းကြရမှာပါ။ အဲ့ဒါကြောင့်မို့ စိတ်ပုတီးစိတ် ဆုတောင်း ထောက်ရှုခြင်းဆိုတာ အမိမယ်တော်နဲ့အတူ ဘုရားရှင်ရဲ့ ကရုဏာတော်သမိုင်းကို ပြန်လည် ထောက်ရှုတာနဲ့အတူတူပါပဲလေ။

စိပ်ပုတီးစိပ် ဆုတောင်းရင်း ယေရှုဘုရားရှင်ရဲ့ဘဝသက်တော်စဉ်တွေကို ထောက်ရှုခြင်းအားဖြင့် ဘုရားရှင်ဟာ လူတွေအပေါ်ဘယ်လောက်ကောင်းမြတ်ကြင်နာခဲ့လဲဆိုတာကို

ပြန်ပြောင်းအောက်မေ့စေပါတယ်။ ရေနဲ့ငါး၊ ခွဲထားမရ သလို အမေနဲ့သား ခွဲခြားပစ်လို့မရပါဘူး။ ယေရှုဘုရားရှင်ရဲ့ ငယ်စဉ်တောင်ကျေး ကလေးဘဝကနေ အစပြုလို့ ကာလဝါရီ လူသတ်ကုန်းမှာ ကားစင်တင် အသက်စွန့်တော်မူတဲ့အထိ အမြဲရပ်တည်ပေးနေခဲ့တာ သားတော်ရဲ့မိခင် မယ်တော်မာရီယားပါ။ ခမည်းတော်ဘုရားရဲ့ ကရုဏာပုံရိပ်လွှာကို ဖော်ပြနေတဲ့ သားတော်ဘုရားကို လူအများသိအောင် ညွှန်ပြပေးရင်း ကားတိုင်ခြေရင်းမှာ ပူဇော်ပေးနိုင်ခဲ့သူဟာလည်း အမိမယ်တော်ပါပဲ။ ကျမတို့က ကားတိုင်လမ်းလို့ ပြောလိုက်ရင် ကားတိုင်ကြီး ထမ်းပြီး သွေးသံရဲရဲနဲ့ ခရစ်တော်ယေရှုကိုပဲ ပြေးမြင်တတ်ကြတာ မဟုတ်လား။ ကာလ်ဝါရီ ခြေလှမ်းတိုင်း၊ ကျခဲ့တဲ့သွေးစက်တိုင်း၊ လျှောက်ခဲ့တဲ့ခြေရာတိုင်းရဲ့ နံဘေးနားမှာ အရိပ်ပမာသားတော်နဲ့အတူခံထမ်းနေတဲ့ အမိမယ်တော်လည်း ရှိနေပါတယ်။ ကားတိုင်းလမ်းဆိုတာ ခရစ်တော်ရဲ့နောက်ကိုလိုက်လျှောက်နေတဲ့ ခရစ်ယာန်တိုင်းရဲ့ လမ်းစဉ်တစ်ခုပဲဆိုတာ အမိမယ်တော်ဟာ ဘဝနဲ့ရင်းပြီး ဦးစွာပထမ သက်သေပြခဲ့ပါတယ်။ စိပ်ပုတီးစိပ်ရင်း နက်နဲဖွယ်ရာတွေကို ထောက်ရှုတိုင်း ထောက်ရှုတိုင်းမှာ ကျမတို့ဟာ အမိမယ်တော်ကို အဖခမည်းတော်ရဲ့အလိုတော်ကို နှလုံးသွင်းနာခံခဲ့တဲ့ သားတော်ရဲ့ ရှေးဦးတပည့်တော် တစ်ဦးအဖြစ် စဉ်းစားထောက်ရှုနေကြပါတယ်လို့ ပါးပါးဖရန်စစ်က မိန့်ကြားတော်မူခဲ့ပါတယ်။

ကျေးဇူးတော်တွေလိုချင်လို့၊ စိပ်ပုတီးစိပ်ပြီး အမိမယ်တော်ဆီ ချဉ်းကပ် ကိုးစားကြတာပါလို့ လူတချို့က နားလည်ကြတယ်။ ဒါလည်းမှန်ပါတယ်။ အမိမယ်တော်ကတဆင့် ဘုရားရှင်ဆီက လိုအပ်ရာ ကျေးဇူးအဖြာဖြာကို တောင်းလျှောက်ကြတာ ကက်သလစ်ဘာသာဝင်တွေရဲ့ သဒ္ဓါကြည်ညိုခြင်းတစ်ခုပါပဲ။ တစ်ခုသိထား ရမှာက  စိပ်ပုတီးစိပ် ခြင်းအားဖြင့် ကျမတို့တွေဟာ ဘဝပြဿနာတွေကနေ လွှတ်မြောက်ဖို့ ဆုတောင်းကြတာ မဟုတ်ပါဘူး။ အဲ့ဒီပြဿနာတွေကို ခါးစည်းရင်ဆိုင် ပူဇော်တတ်ဖို့၊ အခက်ခဲတွေကြားထဲမှာ ခရစ်တော်ဘုရားရဲ့ တည်ရှိနေမှု ကိုအောက်မေ့နိုင်ဖို့ ဆုပန် တောင်းလျှောက်ကြတာပါ။ နေ့တရူဝ ကျမတို့ရဲ့ ဘဝထဲကို ဘုရားရှင်ဟာ ဘယ်ပုံစံနဲ့လာရောက်နေလဲ၊ သူ့ကို ဘယ်လိုမျိုး လက်ခံပြီး သူ့နောက်လိုက်လျှောက်နေကြလဲဆိုတာတွေကိုပါ စဉ်းစားကြဖို့လိုပါတယ်။ ခရစ်တော်ရဲ့ နောက်ကို အတုယူလိုက်လျှောက်ခြင်းအားဖြင့် ဧဝံဂေလိသတင်းကောင်း ဟောကြား ခြင်းမှာပါဝင်လာကြတယ်။ ခရစ်တော်ကို လူအများနဲ့လည်း ဝေမျှတတ်လာတယ်။ ဘုရားရှင်ရဲ့ ကောင်းမြတ်ကြင်နာခြင်း   တွေကို တစ်ပါးသူနဲ့ လက်ဆင့်ကမ်းပြီး သက်သေခံကြရမှာ ကျမတို့ရဲ့ ခရစ်ယာန်ခေါ်တော်မူခြင်းဘဝတစ်ခုပါပဲလို့ ပုပ်ဖရန်စစ်အရှင်သူမြတ်က မိန့်ကြား သွားခဲ့ပါတယ်။

သောတရှင်များရှင် . . . ဘုရားရှင်ရဲ့အလိုတော်ကို လိုက်နာကျင့်ကြံခဲ့တဲ့ အမိမယ်တော်လောက် ခရစ်တော် ဘုရားကို ဘယ်သူကများ ပိုသိနိုင်ဦးမှာလဲ။ မယ်တော်မှတဆင့် သားတော်ဘုရားဆီကို သွားတဲ့လမ်းဟာ ပိုပြီးစိတ်ချ လွယ်ကူလျှင်မြန်စေပါတယ်။ ဒီအတွက်ကြောင့် ခရစ်တော်ရဲ့နက်နဲဖွယ်ရာတွေကို ထောက်ရှုပြီး စိပ်ပုတီးစိပ်ဆုတောင်း ခြင်းက သားတော်နဲ့ ပိုနီးကပ်စေတဲ့ ချစ်စရာကောင်းတဲ့ သဒ္ဓါကြည်ညိုခြင်းလမ်းသွယ်လေး တစ်ခုလည်းဖြစ်နေပါတယ်။ စိတ်ပုတီးရဲ့အစွမ်းတန်ခိုးဟာ အင်မတန် ထက်လှပါတယ်။ ဂုဏ်ကျေးဇူးတော်မေတ္တာတစ်ပုဒ်က နတ်ဆိုးတွေကို ထိန့်လန့်စေပြီး ငရဲအိုးကို တုန်လှုပ်စေနိုင်ပါ တယ်လို့ စိန့်ဒေါမိနစ်က မိန့်ခဲ့ဖူးပါတယ်။ အစွမ်းတန်ခိုးရှိတဲ့ စိတ်ပုတီးနဲ့ လိုရာကျေးဇူးတော်တွေ တောင်းလျှောက်လို့ လည်းရပါသေးတယ်။

သောတရှင်များရှင်. . လာမည့် ၂၀၁၇ အောက်တိုဘာလ ၁၃ ရက်နေ့ဆိုရင် မယ်တော်သခင်မ ဖာတီမာမြို့မှာ ကလေးသုံးဦးအား ထင်ရှားပြခဲ့ခြင်း နှစ် ၁၀၀ ပြည့်ပါတော့မယ်။ အမိအသင်းတော်ကလည်း မယ်တော်သခင်မကို ပိုပြီး သဒ္ဓါကြည်ညိုကိုးစားအမှုပြုနိုင်ဖို့ နှိုးဆော်ပြင်ဆင်မှုတွေလည်း ပြုလုပ်နေပါပြီ။ ၁၉၁၇ မေလ (၁၃) ရက်မှ အောက်တိုဘာ လ (၁၃)ရက်အထိ ၆ ကြိမ်တိုင် လူစီယား၊ ဂျာဆင်တား၊ ဖရန်စွကိုလို့ခေါ်တဲ့ သိုးကျောင်းသား ကလေးငယ်သုံးဦးကို မယ်တော် အထင်ရှားပြခဲ့ပါတယ်။ အမိမယ်တော် အထင်ရှားပြခြင်းဟာ အကြောင်းမဲ့သက်သက်ရယ်လို့ ဘယ်တော့မှ မရှိခဲ့ပါဘူး။ အိပ်မက်ရူပါရုံ၊ အထင်အရှားပြခြင်းတွေရဲ့ နောက်ကွယ်မှာ ဒီလောက လူသားတွေအတွက် ပေးချင်တဲ့ သတင်းစကားတစ်ခုတော့ ပါစမြဲပါ။ ဖာတီမာမြို့မှာ မယ်တော် အထင်ရှားပြချိန်က ပထမကမ္ဘာစစ် ဖြစ်ပျက်နေတဲ့ အချိန်လည်း ဖြစ်နေပါတယ်။ စိတ်ပုတီးကို နေ့တိုင်းစိပ်ကြပါ။ စစ်ဘေးရန်ဆွယ်ကင်းဝေးပြီး ငြိမ်းချမ်းသာယာ စေလိမ့် မယ်လို့ အမိမယ်တော် ပြောခဲ့ပါတယ်။ နောင်တရပြီး ဘုရားသခင်ဆီ ပြန်လည်ရောက်ရှိကြဖို့ ကလေးမလေးလူစီယားကို အမိမယ်တော် ပြောကြားခဲ့ပါတယ်။ လူတွေဟာ အပြစ်တွေနဲ့ နစ်မွန်းပြီး ဘုရားဆိုတာကို မေ့ထားကာ ဘုရားနဲ့ ဝေးသထက်ဝေးနေတဲ့ အဖြစ်ကို မကြည့်ရက်နိုင်လို့၊ ဘုရားနဲ့လူ ပိုပြီးနီးကပ်ပေါင်းစည်း စေဖို့ ပေါင်းကူးတံတားလို အမိမယ်တော် အထင်အရှားပြခဲ့တာပါ။ ငရဲအိုးထဲမှ အပြစ်ဒဏ်ဆပ်ဖြေနေကြတဲ့ ဝိညာဉ်တွေအတွက်၊ လောကမှာ ရှိတဲ့ ခေါင်းမာလွန်းတဲ့ အပြစ်သားသူတွေအတွက် ကလေးသုံးဦးကို ကြားဝင်ဒဏ်ဆပ်ဖြေခိုင်းကာ သန့်ရှင်းသော အမိမယ်တော်ရဲ့ နှလုံးတော်အား အပြစ်သားများအတွက် အပ်နှံဆုတောင်းပေးဖို့လည်း မိန့်မှာခဲ့ပါတယ်။

ယခုလို ဖာတီမာမြို့မှာ မယ်တော်ထင်ရှားပြခြင်း နှစ်၁၀၀ ဂျူဘီလီပွဲတော်ကို ပြင်ဆင်ကြရင်း ကျမတို့တွေလည်း ကမ္ဘာငြိမ်းချမ်းရေးအတွက်၊ အထူးသဖြင့် မြန်မာပြည်မှာ စစ်မက်ဖြစ်ပွားနေတဲ့ နေရာတွေမှာ ငြိမ်းချမ်းရေး ရရှိစေဖို့ ဆုတောင်း ပေးကြရအောင်ပါ။ စစ်ရဲ့အနိဋ္ဌာရုံအောက်မှာ ကျမတို့ ပြည်သူတွေရဲ့ဘဝတွေ ကွဲကြေခဲ့ရတယ်။ မိဝေးဖဝေး၊ ထိန့်လန့်သွေးပျက်ညတွေနဲ့ ဘဝအနာဂတ်တွေလည်း ညိုးနွမ်းခဲ့ကြရပြီ။ စစ်ဆိုတဲ့ စကားလုံးသံကြားတာနဲ့ သေရာပါတဲ့ အထိ တုန်ယင်ခြောက်ခြားစေအောင် စိတ်ဒဏ်ရာတွေ တနင့်တပိုးရခဲ့သူတွေလည်း အများကြီးပါပဲ။ ယမ်းနံ့မီးခိုးတအူအူနဲ့ အသက်ရှုရပ်ခဲ့တဲ့ စတေးခံ အသက်တွေလည်း တောင်ပုံယာပုံမကတော့။ အသောမသတ်နိုင်တဲ့ အာဏာ၊ အတ္တ၊ ရမက်တွေ လုတဲ့ပွဲမှာ အပြစ်မဲ့တဲ့ မြေစာပင် ကလေးငယ်တွေလည်း အချိန်မတန်ခင် ကြွေလွင့်ခဲ့ကြရတယ်။ စစ်ဆိုတဲ့ မကောင်းဆိုးဝါး သတ္တဝါ တစ်ကောင် ကို မြေမြုပ်သင်္ဂြိုလ်ပြီး ငြိမ်းချမ်းရေးချိုးဖြူငှက်တွေရဲ့ တေးသီသံကို ဝေဟင်ထက်မှာ ပျံလွင့်စေဖို့ အတူတူ ဝိုင်းဝန်းလက်တွဲကြရအောင်။ ငါက ဘာလုပ်တတ်မှာလဲလို့ မထင်လိုက်ပါနဲ့။ ကျမတို့မှာ အစွမ်းထက်တဲ့ လက်နက်တစ်ခုရှိနေတယ်ဆိုတာ သတိရလိုက်ပါ။ အနည်းဆုံးတော့ ကျမတို့ ဆုတောင်းပေးနိုင်ပါတယ်။ ငြိမ်းချမ်းရေး အတွက် ဖာတီမာမယ်တော်သခင်မဆီ သဒ္ဓါကြည်ညိုခြင်းနဲ့ ပုတီးစိပ်ဆုတောင်းပေးနိုင်ပါတယ်။ အမိမယ်တော် လိုချင်တာ ငြိမ်းချမ်းရေးပါ။ ဘုရားရှင်ပေးခဲ့တာလည်း ငြိမ်သက်ခြင်းပါ။ စစ်မှန်တဲ့ ငြိမ်သက်ခြင်းအရှင် ဘုရားသခင်ဆီမှာ ငြိမ်းချမ်း ရေးအတွက် ဆုတောင်းကြရအောင်လေ။

ပုပ်ရဟန်းမင်းကြီးရဲ့ မိန့်ကြားစကားအတိုင်း စိပ်ပုတီးစိပ်တယ်ဆိုတာ အခက်အခဲတွေကြားမှာ ရှင်သန်ရပ်တည် ရဲတဲ့ အစွမ်းသတ္တိတွေကို တောင်းလျှောက်ကြရမယ်ဆိုတာကို သတိရအောက်မေ့ရင်း ကမ္ဘာကြီးငြိမ်းချမ်းဖို့၊ မြန်မာ ပြည်ကြီးငြိမ်းချမ်းသာယာစေဖို့၊ မိသားစုဘဝတွေ အေးချမ်းစွာ ပေါင်းစည်းရှင်သန်ဖို့၊ နာကျင်ခံစားရတဲ့ ဝေဒနာတွေကြား မှာ စိတ်ဓါတ်ကျအရှုံးမပေးဘဲ ဘဝကိုစိန်ခေါ်လျှောက်လှမ်းနိုင်ဖို့၊ နောက်ဆုံးကျမတို့ နှလုံးသားထဲမှာလည်း ငြိမ်သက်ခြင်း တွေရှိလာဖို့အတွက် အတူတကွဆုတောင်းပေးကြရအောင်လားရှင်။ သောတရှင်များလည်း ပါပါးဖရန်စစ်ရဲ့ သတင်း စကားတွေကနေ ဝိညာဉ်ခွန်အားရယူကာ စိပ်ပုတီး စိပ်ခြင်းအားဖြင့် အမိမယ်တော်ရဲ့ ကူညီမှုိင်းမမှုတွေ အမြဲခံစားရရှိကာ ဘဝအသက်တာတွေ ငြိမ်းချမ်းသာယာနိုင်ပါစေလို့ ကျမစစ္စတာလူစီယားသန္တာအောင်ကနေ ဆုတောင်းဆန္ဒပြုလိုက် ပါတယ်ရှင်။